# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရာထူးဝန်အဖွဲ့
# ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)
# အရာထမ်းလောင်းအခြေခံသင်တန်း၊
# ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၆)
# သင်တန်းဝင်ညွှန်ကြားလွှာ

## ရည်ရွယ်ချက်

၁။ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းလောင်းများနှင့် နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိက ကုမ္ပဏီ၊ အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား စွမ်းဆောင်ရည်ပိုမိုမြင့်တင် ပေးနိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ဝန်ထမ်းကောင်းများ ဖြစ်လာစေရေး၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ရည်မှန်းချက်ကို အထောက်အကူဖြစ်စေရေး၊ ပြည်သူပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်နိုင်ရေး တို့အတွက် ရည်ရွယ်ပါသည်။

## သင်တန်းကာလ

၂။ သင်တန်းကာလမှာ ရက်သတ္တပတ်(၁၆)ပတ် ဖြစ်ပါသည်။

## သင်တန်းသားအရည်အချင်း

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ကြော်ငြာခေါ်ယူထားသော လစာနှုန်း (၂၇၅၀၀၀ိ-၄၀၀၀ိ-၂၉၅၀၀ိ) သို့ လျှောက်ထားရွေးချယ်ခံရသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြင်ပမှတိုက်ရိုက် လျှောက်ထားရွေးချယ်ခံရသည့် အရာထမ်းလောင်းများနှင့် နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ရွေးချယ်ခံရသူများ (ပုဂ္ဂလိကဝန်ထမ်း) တက်ရောက်ရမည်ဖြစ်ပြီး အောက်ပါ အချက်များနှင့် ကင်းရှင်းသူများဖြစ်ရပါမည်-

(က) ဆေးအဆင့်မမီသူများ (ဥပမာ-ကူးစက်ရောဂါ၊ စိတ်ရောဂါ၊ ကင်ဆာရောဂါ၊ အရေပြားရောဂါ၊ အေအိုင်ဒီအက်စ်ရောဂါ၊ နှလုံးရောဂါစသည်များနှင့် ကိုယ်အင်္ဂါ မသန်စွမ်းသူများ)။

( ခ ) အမှုကိစ္စမကင်းရှင်းသူများ(ခုံရုံး၊ တရားရုံးများတွင် အမှုဆိုင်ရန်၊ သက်သေခံရန်ရှိသူများ)။

( ဂ ) ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးစအမျိုးသမီးများ။

(ဃ) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၀၁၊ နည်းဥပဒေခွဲ(ဇ)အရခံစားမည့်သူများ။

( င ) သင်တန်းကာလအတွင်း ပြည်တွင်းပြည်ပ ပညာသင်/ သင်တန်း/ လေ့လာရေး/ ဆွေးနွေးပွဲ/ အလုပ်ရုံဆွေးနွေးပွဲ သွားရောက်ရန်ရှိသူများ။

( စ ) သင်တန်းကာလအတွင်း အခြားစာမေးပွဲ ဖြေဆိုရန်ရှိသူများ။

**သင်တန်းတက်ရောက်ခြင်းနှင့်သတင်းပို့ခြင်း**

၄။ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီးလှည်းကူးမြို့နယ်၊ ဖောင်ကြီးကျေးရွာအနီးရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်(အောက်မြန်မာပြည်)တွင် (၆-၅-၂၀၁၉) ရက်နေ့မှ (၂၃-၈-၂၀၁၉)ရက်နေ့ထိ ဖွင့်လှစ် မည်ဖြစ်ပါသည်။ သင်တန်းသား၊ သင်တန်းသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သို့ **၄-၅-၂၀၁၉ ရက်(စနေနေ့) မွန်းလွဲပိုင်း (၁၈း၀၀) နာရီ** နောက်ဆုံးထား၍ ရောက်ရှိ သတင်းပို့ကြရမည်။

**ယူဆောင်လာရမည့်ပစ္စည်းများ**

၅။ (က) အောက်ပါပစ္စည်းများ ယူဆောင်လာရမည်-

| | | | |
|---|---|---|---|
| (၁) | ခေါင်းအုံး | - | ၁-လုံး |
| (၂) | စောင် | - | ၁-ထည် |
| (၃) | ခြင်ထောင် | - | ၁-လုံး |
| (၄) | အိပ်ရာခင်း | - | ၁-ထည် |
| (၅) | မျက်နှာသုတ်ပဝါ | - | ၁-ထည် |
| (၆) | မတ်ခွက် | - | ၁-လုံး |
| (၇) | ဇွန်း/ခက်ရင်း | - | ၁-စုံ |
| (၈) | အနွေးထည်အင်္ကျီ | - | |
| (၉) | မိုးကာအင်္ကျီ/ထီး | - | ၁-ထည်/၁-ချောင်း |
| (၁၀) | သော့ပါသေတ္တာ | - | ၁-လုံး |

( ခ ) သတင်းပို့ရောက်ရှိပါက အောက်ပါအထောက်အထားများ၊ စာရွက်စာတမ်းများကို တစ်ပါတည်း ယူဆောင်လာရမည်-

(၁) နိုင်ငံသားစိစစ်ရေးကတ်ပြား။

(၂) အမှုကင်းရှင်းကြောင်း ဌာနဆိုင်ရာ/ရဲစခန်းထောက်ခံချက်။

(၃) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ သင်တန်းသို့စေလွှတ်ကြောင်း အကြောင်းကြားစာ။

(၄) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆေးလက်မှတ်ထောက်ခံချက် ပေးပိုင်ခွင့်ရှိသော ဆေးရုံ၊ ဆေးခန်းတာဝန်ခံဆရာဝန်ထံမှ ကျန်းမာကြောင်း ဆေးထောက်ခံချက်။

(ဂ) သင်တန်းတက်ရောက်သူများသည် အောက်ပါကုန်ကျစရိတ်များ ကျခံရမည် -

(၁) လစဉ်ဆံပင်ညှပ်ခ(သင်တန်းသားများ)

(၂) ကသဆွဲပြား

(၃) လိုင်စင်ဓာတ်ပုံကြေး

(၄) ပြဋ္ဌာန်းစာအုပ်ဖိုး(Text Book & Learners' Guide)

(၅) ပုဂ္ဂလိကဝန်ထမ်းများသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ပြန်ထားသော လျှောက်လွှာ တင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်ပါ သတ်မှတ်ထားသည့် စရိတ်ကြေးငွေများကို ပေးသွင်းရမည်။

**တက္ကသိုလ်သို့ ရောက်ရှိခြင်း**

၆။ တက္ကသိုလ်သို့ရောက်ရှိသည်နှင့် သင်တန်းဝင်ညွှန်ကြားလွှာအရ ယူဆောင်လာရမည့် ပစ္စည်းများနှင့် စာရွက်စာတမ်းများ စစ်ဆေးခြင်းကို ဆောင်ရွက်ပါမည်။

**နေ့စဉ်အချိန်ဇယား**

၇။ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းကာလအတွင်း အောက်ဖော်ပြပါ သင်တန်းအချိန်ဇယား အတိုင်း လေ့ကျင့်သင်ကြားမှုများပြုလုပ်ကြရပါမည် -

| | | | | |
|---|---|---|---|---|
| (က) | ၀၆း၃၀ -၀၇း၀၀ | နာရီ | နံနက်ကိုယ်လက်ကြံ့ခိုင်ရေး။ | |
| (ခ) | ၀၇း၀၀ - ၀၇း၃၀ | နာရီ | နံနက်စာ စားချိန်။ | |
| (ဂ) | ၀၇း၃၀-၀၇း၄၀ | နာရီ | တန်းစီ/လူစစ်။ | |
| (ဃ) | ၀၈း၀၀ - ၀၉း၃၀ | နာရီ | နံနက်ပိုင်းသင်တန်းချိန်များ။ | ၁း၃၀ နာရီစီ |
| (င) | ၀၉း၄၅ - ၁၁း၁၅ | နာရီ | နံနက်ပိုင်းသင်တန်းချိန်များ။ | (၂)ချိန် |

| | | | |
|---|---|---|---|
| (စ) | ၁၁း၃၀ - ၁၂း၃၀ | နာရီ | နေ့လယ်စာ စားချိန်။ |
| (ဆ) | ၁၃း၀၀ - ၁၄း၃၀ | နာရီ | နေ့လယ်ပိုင်းသင်တန်းချိန်များ။ ၁း၃၀နာရီစီ(၁)ချိန် |
| (ဇ) | ၁၄း၃၀ - ၁၄း၄၅ | နာရီ | လက်ဖက်ရည်ချိန်။ |
| (ဈ) | ၁၄း၄၅ - ၁၆း၁၅ | နာရီ | နေ့လယ်ပိုင်းသင်တန်းချိန်များ။ ၁း၃၀နာရီစီ(၁)ချိန် |
| (ည) | ၁၆း၃၀ - ၁၇း၀၀ | နာရီ | ညနေပိုင်းကိုယ်လက်ကြံ့ခိုင်ရေး။ |
| (ဋ) | ၁၇း၃၀ - ၁၈း၃၀ | နာရီ | ညနေစာ စားချိန်။ |
| (ဌ) | ၁၈း၄၀-၁၈း၅၀ | နာရီ | တန်းစီ/လူစစ်။ |
| (ဍ) | ၁၉း၀၀ -၂၁း၀၀ | နာရီ | ကိုယ်ပိုင်စာကြည့်ချိန်။ |

**ဝတ်စုံသတ်မှတ်ချက်**

၈။ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အောက်ပါအတိုင်း ဝတ်ဆင်ရမည် -

(က) သင်တန်းချိန်အတွင်း အောက်ပါအတိုင်း ဝတ်ဆင်ရမည် -

(၁) **သင်တန်းသားများ။** နိုင်ငံ့ဝန်ထမ်းဖြစ်ပါကတနင်္လာနေ့နှင့် သောကြာနေ့တို့တွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ သတ်မှတ်ဝတ်စုံကို ဝတ်ဆင်ရမည်ဖြစ်ပြီး အင်္ဂါ၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် လည်ကတုံးအင်္ကျီအဖြူ၊ တိုက်ပုံအဖြူ၊ ပုဆိုး၊ ညှပ်ဖိနပ်။

အရာထမ်းလောင်းများနှင့် ပြင်ပပုဂ္ဂလိက ဝန်ထမ်းများသည် လည်ကတုံးအင်္ကျီအဖြူ၊ တိုက်ပုံအဖြူ၊ ပုဆိုး၊ ညှပ်ဖိနပ်။

(၂) **သင် တန်း သူ များ။** နိုင်ငံ့ဝန်ထမ်းဖြစ်ပါက တနင်္လာနေ့နှင့် သောကြာနေ့တို့တွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏သတ်မှတ်ဝတ်စုံကို ဝတ်ဆင်ရမည်ဖြစ်ပြီး အင်္ဂါ၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့ များတွင်မြန်မာအင်္ကျီ လက်ရှည်/လက်စက၊ ထဘီ ၊ ညှပ်ဖိနပ်။

အရာထမ်းလောင်းများနှင့် ပြင်ပပုဂ္ဂလိက ဝန်ထမ်းများသည်
မြန်မာအင်္ကျီ လက်ရှည်/လက်စက၊ ထဘီ၊ ညှပ်ဖိနပ်။

(ခ) ကိုယ်လက်ကြံ့ခိုင်ရေး(Physical Exercise)ပြုလုပ်ချိန်တွင် အောက်ပါအတိုင်းဝတ်ဆင်ရမည် -

(၁) **သင်တန်းသားများ ။** အားကစားဘောင်းဘီရှည်၊ စွပ်ကျယ်အဖြူ(သို့မဟုတ်)တီရှပ်အဖြူ၊ ကင်းဘတ်ဖိနပ်၊ ခြေအိတ်။

(၂) **သင် တန်း သူ များ ။** အားကစားဘောင်းဘီရှည်၊ တီရှပ်အဖြူ၊ ကင်းဘတ်ဖိနပ်၊ ခြေအိတ်။

(ဂ) စားရိပ်သာ၌ ထမင်းစားချိန်တွင် အောက်ပါအတိုင်း ဝတ်ဆင်ရမည် -

(၁) **သင်တန်းသားများ ။** လည်ကတုံးအင်္ကျီအဖြူ/ကော်လံပါသောအင်္ကျီ၊ ပုဆိုးနှင့် ညှပ်ဖိနပ်ကို ဝတ်ဆင်ရမည်။

(၂) **သင်တန်းသူများ ။** မြန်မာအင်္ကျီလက်ရှည်/လက်စက၊ ထဘီနှင့် ညှပ်ဖိနပ်ကို ဝတ်ဆင်ရမည်။

(ဃ) သင်တန်းချိန်ပြင်ပတက္ကသိုလ် အပန်းဖြေနယ်မြေနှင့် တက္ကသိုလ်ပြင်ပသို့ ထွက်ခွာရာတွင် အောက်ပါ အတိုင်း ဝတ်ဆင်ရမည်။

(၁) **သင်တန်းသားများ ။** ကော်လံပါသောအင်္ကျီ၊ ပုဆိုး၊ ညှပ်ဖိနပ်။

(၂) **သင် တန်း သူ များ ။** မြန်မာအင်္ကျီလက်ရှည်/ လက်စက၊ ထဘီ ၊ ညှပ်ဖိနပ်။

(င) သတ်မှတ်ဝတ်စုံများကိုဝတ်ဆင်ရာတွင် သင်တန်းသားစိစစ်ရေးကတ်ကို လက်ယာဘက်ရင်အုံ အလယ်တည့်တည့်တွင် တပ်ဆင်ရမည်။

(စ) တက္ကသိုလ်နယ်မြေအတွင်းနှင့် တက္ကသိုလ်ပြင်ပထွက်ခွာရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသင့်တော်ခြင်းမရှိသည့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများ၊ ပါတီနိုင်ငံရေးနှင့် မကင်းရှင်းသည့် ရုပ်ပုံ/ အလံ/ တံဆိပ်/ စာသားများပါရှိသည့် အဝတ်အစားများ ဝတ်ဆင်ခြင်းမပြုရ။

**သင်ကြားပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းအထောက်အကူပြုစာရွက်စာတမ်းများ**

၉။ သင်တန်းတွင် စီမံခန့်ခွဲမှု၊ စီးပွားရေး၊ဥပဒေ၊ လူမှုရေးသိပ္ပံ၊ နိုင်ငံရေးသိပ္ပံ၊ အင်္ဂလိပ်စာ၊ သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်များကို ပြည်တွင်းမှ ထင်ပေါ်ကျော်ကြားသည့် ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များ၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီမှ ပါမောက္ခ၊ ဆရာ၊ ဆရာမများက ပို့ချမည်ဖြစ်ပါသည်။

၁၀။ သင်တန်းသား၊ သင်တန်းသူများအတွက် လိုအပ်သော သင်ခန်းစာအကျဉ်းချုပ်များကို တက္ကသိုလ်မှ တာဝန်ယူဖြန့်ဝေ ပေးမည်ဖြစ်ပါသည်။ သင်တန်းကာလအတွင်း သင်ကြားသည့်ဘာသာရပ်များနှင့်စပ်လျဉ်း၍ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုအလိုက်ဖြစ်စေဆွေးနွေးခြင်း၊ စာတမ်းများပြုစုတင်ပြခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် ရည်ညွှန်းချက် စာအုပ်စာတမ်းများကို တက္ကသိုလ်စာကြည့်တိုက်တွင် ရှာဖွေလေ့လာနိုင်ရန် စီစဉ်ထားရှိ ပေးမည်ဖြစ်ပါသည်။

**သင်တန်းဆင်းအရည်အချင်းသတ်မှတ်ခြင်း**

၁၁။ သင်တန်းတက်ရောက် အောင်မြင်ပြီးပါက သင်တန်းပြီးမြောက်ကြောင်း အောင်လက်မှတ်နှင့်အတူ စာမေးပွဲ အောင်မြင်ပါက ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာကို အပ်နှင်းချီးမြှင့်သွားပါမည်။

**စည်းကမ်းများ**

၁၂။ သင်တန်းသား၊ သင်တန်းသူများသည် ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ချမှတ်ထားသော အောက်ဖော်ပြပါ စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ကြရပါမည် -

(က) **စာသင်ဆောင်စည်းကမ်း**

(၁) စာပိုဒ် ၈။ (က)(၁)(၂)ပါ သတ်မှတ်ဝတ်စုံကိုဝတ်ဆင်ရမည်။

(၂) စာသင်ခန်းတွင် အချိန်မီနေရာယူပြီးဖြစ်ရမည်။

(၃) သင်တန်းနှင့်မသက်ဆိုင်သည့်စာအုပ်၊ ပစ္စည်း၊ အစားအသောက် စသည်များကို ယူဆောင်ခွင့်မပြု။

(၄) လက်ကိုင်ဖုန်း၊ MP 3၊ MP 4၊ Tablet၊ Camera၊ Video Camera စသည်တို့ကို စာသင်ကြားချိန်အတွင်း အသုံးမပြုရ။

( ခ ) **အိပ်ဆောင်စည်းကမ်း**

(၁) တစ်ယောက်အိပ်ခန်းများ စီစဉ်ပေးမည်ဖြစ်ပြီး သတ်မှတ်ပေးထားသော အိပ်ခန်းတွင် စည်းကမ်းတကျနေထိုင်ရမည်။

(၂) အသုံးပြုရန်ထုတ်ပေးထားသော ပစ္စည်းများကို စနစ်တကျ ကိုင်တွယ်အသုံးပြုရမည်။

(၃) အိပ်ခန်းတွင်းသို့ ဧည့်သည်များ ခေါ်ဆောင်ခြင်းမပြုရ။

(၄) အိပ်ခန်းအတွင်းအပြင်ကို နေ့စဉ်သန့်ရှင်းရေးပြုလုပ်ပြီး သပ်ရပ်စွာဖြင့် စနစ်တကျ ဆောင်ရွက်ထားရမည်။

(၅) အိပ်ခန်းအတွင်း၌ ချက်ပြုတ်စားသောက်ခြင်းလုံးဝမပြုလုပ်ရ။

(၆) နိုင်ငံပိုင်ပစ္စည်းများကို မိမိကိုယ်ပိုင်ပစ္စည်းသဖွယ် ဂရုတစိုက်ရှိသေစွာ ကိုင်တွယ် အသုံးပြုကြရမည်။ မိမိကြောင့် နိုင်ငံပိုင်ပစ္စည်း တစ်စုံတစ်ရာ ပျက်စီး၊ ပျောက်ဆုံးပါက ပစ္စည်းတန်ဖိုး၏ (၃)ဆကို ပေးလျော်ရမည်။

(ဂ) **စားရိပ်သာစည်းကမ်း**

(၁) စည်းကမ်းတကျစားသောက်ကြရမည်။

(၂) သတ်မှတ်ဝတ်စုံကိုဝတ်ဆင်ကြရမည်။

(၃) တာဝန်မှအပ စားရိပ်သာဝန်ထမ်းများနှင့် ဆက်သွယ်ဆက်ဆံခြင်းမပြုလုပ်ရ။

(၄) သတ်မှတ်ချိန်အတွင်းသာ စားသောက်ရမည်။

(ဃ) **ဧည့်တွေ့စည်းကမ်း**

(၁) သတ်မှတ်ချိန်အတွင်း ဧည့်တွေ့နိုင်သည်။

(၂) သတ်မှတ်ထားသည့်နေရာတွင်သာ ဧည့်တွေ့ခွင့်ရှိသည်။

(င) **စာကြည့်တိုက်စည်းကမ်း**

(၁) သင်တန်းချိန်ပြင်ပကိုယ်ပိုင်ချိန်များတွင် အသုံးပြုခွင့်ရှိသည်။

(၂) သတ်မှတ်ထားသောစည်းကမ်းအတိုင်းစာအုပ်စာတမ်းများကိုငှားရမ်းဖတ်ရှုနိုင်သည်။

(စ) **တက္ကသိုလ်ပြင်ပထွက်ခွင့်စည်းကမ်း**

(၁) အပတ်စဉ် သောကြာနေ့ သင်တန်းပြီးဆုံးချိန်မှ တနင်္ဂနွေနေ့ညနေ (၁၈း၀၀)နာရီအထိ ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မိမိအစီအစဉ်/တက္ကသိုလ်အစီအစဉ်ဖြင့်

တက္ကသိုလ်ပြင်ပထွက်ခွင့်ပြုပါမည်။ သို့ရာတွင် လိုအပ်ပါက သင်တန်းပိတ်ရက်များကို သင်တန်းချိန်အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး တက္ကသိုလ် ပြင်ပထွက်ခွင့်ပြုမည် မဟုတ်ပါ။

(၂) သတ်မှတ်ဝတ်စုံကိုစနစ်တကျဝတ်ဆင်ရမည်။

(၃) လမ်းတစ်လျှောက်မော်တော်ယာဉ်ပေါ်တွင်စည်းကမ်းတကျရှိရမည်။ ပြည်သူလူထုအထင်အမြင်သေးစေမည့် ဆူညံခြင်း၊ နောက်ပြောင်ခြင်းများ မပြုလုပ်ရ။

(၄) ယာဉ်ကြီးကြပ်သူများ၏လမ်းညွှန်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(၅) အချိန်မီပြန်လည်မရောက်ရှိပါက ခွင့်မဲ့ပျက်ကွက်သတ်မှတ်မည်။

(၆) မူးယစ်စေတတ်သော အဖျော်ယမကာများ၊ မူးယစ်ဆေးဝါးနှင့် အကျုံးဝင်သည့်ပစ္စည်းများ ယူဆောင်ခြင်းလုံးဝမပြုလုပ်ရ။

**တားမြစ်ချက်များ**

၁၃။ သင်တန်းသို့ အောက်ပါပစ္စည်းများ ယူဆောင်မလာရန် တားမြစ်သည် -

(က) လူကိုအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများနှင့် ထိခိုက်ရှနာဖြစ်စေတတ်သော ပစ္စည်းများ။

(ခ) အဖိုးတန်လက်ဝတ်ရတနာပစ္စည်းများနှင့်များပြားသော ငွေကြေးပမာဏ။

(ဂ) ရေဒီယို၊ ကက်ဆက်နှင့် တူရိယာပစ္စည်းများ။

(ဃ) ကျားခုံ၊ ဖဲယ်တောက်ခုံနှင့် လောင်းကစားရာတွင် အကျုံးဝင်သောပစ္စည်းများ။

(င) မူးယစ်စေတတ်သော အဖျော်ယမကာများ၊ မူးယစ်ဆေးဝါးနှင့် အကျုံးဝင်သည့် ပစ္စည်းများ။

(စ) မော်တော်ကား၊ ဆိုင်ကယ်များ ယူဆောင်ခွင့်မပြု။

(ဆ) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းနှင့် မလျော် ညီသော အမျိုးသား/အမျိုးသမီးများ ဆံပင်ကို ဆေးရောင်စုံဆိုးခြင်း၊ အမျိုးသားများ နားကွင်း/နားကပ်ပန်ခြင်း၊အမျိုးသမီးများနားပေါက်အများ အပြားဖောက်၍ နားကပ်ပန်ခြင်း စသည်တို့ကိုခွင့်မပြုပါ။

( ဇ ) တက္ကသိုလ်နယ်မြေအတွင်းတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသင့်တော်ခြင်း မရှိသည့် ရုပ်ပုံ/ စာသားများ ပါရှိသည့် အဝတ်အစား၊ ပါတီနိုင်ငံရေးနှင့် မကင်းရှင်းသည့် ရုပ်ပုံ/ အလံ/ တံဆိပ်/ စာသားများပါရှိသည့် အဝတ်အစားများ ဝတ်ဆင်ခြင်းမပြုရ။

**သင်တန်းပျက်ကွက်ခွင့်**

၁၄။ သင်တန်းကာလအတွင်းတွင် အတူနေမိသားစုအရင်းအချာများ၏ နာရေးကိစ္စနှင့် အထောက်အထား ခိုင်လုံသော ခွင့်ကိစ္စများကိုသာ စဉ်းစားမည်ဖြစ်ပြီး ကိုယ်ရေးကိုယ်တာကိစ္စများအတွက် သင်တန်းပျက်ကွက်ခွင့် ပြုမည်မဟုတ်ပါ။

**သင်တန်းဆက်လက်တက်ရောက်ခြင်းမှ ရပ်စဲခြင်း**

၁၅။ သင်တန်းသား၊ သင်တန်းသူ တစ်ဦးဦးသည် သင်တန်းကာလအတွင်း အောက်ပါအချက်တစ်ခုခုနှင့် ငြိစွန်းပါက သင်တန်းဆက်လက်တက်ရောက်ခြင်းမှ ရပ်စဲခြင်းခံရမည်-

(က) သင်တန်းဆက်လက်တက်ရောက်ရန် ကျန်းမာရေးအဆင့်မရှိခြင်း။

( ခ ) စည်းကမ်းဖောက်ဖျက်ခြင်း။

( ဂ ) ခိုက်ရန်ဖြစ်ပွားခြင်းနှင့် ရိုင်းပျစွာပြုမူဆက်ဆံခြင်း။

(ဃ) ခွင့်မဲ့ပျက်ကွက် စုစုပေါင်း(၇၂)နာရီပျက်ကွက်ခြင်း။

( င ) သင်တန်းချိန်စုစုပေါင်း၏ ၁၀% သင်တန်းပျက်ကွက်ခြင်း။

( စ ) အထက်အပိုဒ် ၃။ ပါ အချက်တစ်ခုခုနှင့် ငြိစွန်းခြင်း။

**သက်သာချောင်ချိရေး**

၁၆။ သင်တန်းကာလအတွင်း တက္ကသိုလ်အနေဖြင့် သက်သာချောင်ချိရေးကိစ္စရပ်များကို အောက်ပါအတိုင်း စီစဉ် ဆောင်ရွက်ထားရှိပေးမည် ဖြစ်ပါသည်။

(က) **ရုပ်မြင်သံကြား။** သက်ဆိုင်ရာစားရိပ်သာတွင် ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက် ပေးမည် ဖြစ်ပါသည်။

( ခ ) **တက္ကသိုလ်တွင်းဈေးဆိုင်တန်း။** အောက်ပါအတိုင်းသွားလာနိုင်သည် -

(၁) သတ်မှတ်ချိန်အတွင်း သွားနိုင်သည်။

(၂) သတ်မှတ်ဝတ်စုံကို စနစ်တကျဝတ်ဆင်ရမည်။

(၃) တရားမဝင်ပစ္စည်းများ ဆက်သွယ်မှာယူ/စားသုံးခြင်း မပြုလုပ်ရ။

( ဂ ) **ဒိုဘီပေးခြင်း။** မိသားစုဒိုဘီများသို့စျေးနှုန်းချိုသာစွာဖြင့် ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်။

**သန့်ရှင်းရေး**

၁၇။ သင်တန်းကာလအတွင်း မိမိတို့နေထိုင်ရာ အဆောင်/အိပ်ခန်းအတွင်း/ အပြင် သန့်ရှင်းရေးကို နေ့စဉ် စုပေါင်းဆောင်ရွက်ကြရမည်။

**ကျန်းမာရေး**

၁၈။ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည် -

(က) သင်တန်းကာလအတွင်း ကျန်းမာရေးချို့တဲ့ပါက ဆေးခန်းလိုက်၍ တက္ကသိုလ်ဆေးရုံမှူးထံ ပြသရမည်။

( ခ ) အနားယူရန် လိုအပ်ပါကတက္ကသိုလ်ဆေးရုံမှူးက ဆေးနား(ဆေးအဆင့်-စီ) သတ်မှတ်ပေးမည်။

( ဂ ) သင်တန်းချိန်အတွင်း ဆေးခန်းသွားခြင်း၊ ဆေးနားခံစားခြင်း၊ ဆေးစစ်ခံသွားရောက်ခြင်းများအား သင်တန်းပျက်ကွက်ချိန်အဖြစ်သတ်မှတ်မည်။

**လောင်းကစားခြင်း၊ မူးယစ်စေတတ်သောအဖျော်ယမကာများ၊ မူးယစ်ဆေးဝါးနှင့် အကျိုးဝင်သည့်ပစ္စည်းများ သုံးစွဲခြင်း**

၁၉။ အောက်ပါစည်းကမ်းအတိုင်းလိုက်နာရမည် -

(က) သင်တန်းကာလအတွင်း မည်သည့်လောင်းကစားခြင်းမျိုးကိုမျှ မပြုလုပ်ရ။

( ခ ) မူးယစ်စေတတ်သော အဖျော်ယမကာများ၊ မူးယစ်ဆေးဝါးနှင့် အကျိုးဝင်သည့် ပစ္စည်းများ သုံးစွဲခြင်း/ယူဆောင်လာခြင်းလုံးဝမပြုလုပ်ရ။

( ဂ ) ဖောက်ဖျက် ကျူးလွန်ပါက သင်တန်းဆက်လက်တက်ရောက်ခြင်းမှ ရပ်စဲခြင်းခံရမည်။

**တက္ကသိုလ်မှပြန်လည်ထွက်ခွာခြင်း**

၂၀။ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းပြီးဆုံး၍ တက္ကသိုလ်မှ ပြန်လည်ထွက်ခွာရာတွင် အောက်ပါ အချက်များကို ရှင်းလင်းဆောင်ရွက်ရပါမည် -

(က) ထုတ်ပေး/ငှားရမ်းထားသောပစ္စည်းများအား ပြန်လည်အပ်နှံပြီးဖြစ်ရမည်။

( ခ ) ငွေကြေးဆိုင်ရာကိစ္စရပ်များရှင်းလင်းပြီးဖြစ်ရမည်။

( ဂ ) မိမိအိပ်ခန်းအတွင်း/အပြင် သန့်ရှင်းရေးဆောင်ရွက်ပြီးဖြစ်ရမည်။

**သင်တန်းဆင်းအစီရင်ခံစာတင်ပြခြင်း**

၂၁။ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းအောင်မြင်ပြီးမြောက်၍ မိမိတို့ဝန်ကြီးဌာနသို့ ရောက်ရှိ တာဝန်ထမ်းဆောင်သည့်အခါတွင် သင်တန်းဆင်းအစီရင်ခံစာ ပြန်လည်တင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုရာထူးဝန် အဖွဲ့သို့လည်း မိတ္တူပေးပို့ရမည်ဖြစ်ပါသည်။